## General

### ၁။ AYA Auto Loan ဆိုသည်မှာ အဘယ်နည်း။

လူကြီးမင်းအနေဖြင့် Brand new ကားနှင့် used ကားများဝယ်ယူရာတွင် ကားတန်ဖိုး 100% အား တစ်ကြိမ်တည်း ပေးချေစရာမလိုပဲ အရစ်ကျ ပေးသွင်းရုံဖြင့် အဆင်ပြေ သက်သာစေရန် ဘဏ်မှ ဘဏ္ဍာရေး ထောက်ပံ့ပေးခြင်း ဖြစ်ပါသည်။

### ၂။ မည်သည့် ယာဉ်အမျိုးအစား ဝယ်ယူမှုကို ဘဏ်မှထုတ်ချေးပေးသနည်း။

ရောဝတီဘဏ်ဖြင့် ချိတ်ဆက်ထားသော Dealer များတွင် Brand new ကားများ၊ Used Car များကို ဝယ်ယူနိုင်ပါသည်။

### ၃။ ရောဂတီဘဏ်မှ Auto Loan ချေးငွေအတွက် ကန့် သတ်ထားသော ယာဉ်အမျိုးအစားရှိပါသလား။

Auto Loan အတွက် ဘဏ်မှကန့်သတ်ထားသော ယာဉ်အမျိုးအစားမရှိပါ။ သို့ သော် ရောဝတီဘဏ်နှင့် ချိတ်ဆက်ထားသော Dealerr များတွင်သာ ဝယ်ယူနိုင်ပါသည်။

### ၄။ ရောဝတီဘဏ်မှ မည်သည့် Auto Loan အမျိုးအစားကို ခွင့်ပြုထားသနည်း။

အဓိကအားဖြင့် Brand New Car နှင့် Used Car အမျိုးအစားနှစ်မျိုးအား ဘဏ်မှခွင့်ပြုထားပါသည်။

| ကားအမျိုးအစား | ကနဦးပေးသွင်းငွေ | ချေးငွေသက်တမ်း | အတိုးနှုန်း |
|---|---|---|---|
| New | As low as 30% | Up to 5 years | As low as 8.5% p.a. |
| Used | As low as 30% | Up to 2 years | As low as 8.5% p.a. |

Flat Method

### ၅။AYA Auto Loan အား မည်သို့ လျှောက်ထားရမည်နည်း။

(၁) လူကြီးမင်းအနေဖြင့် မိမိချေးယူနိုင်သော ငွေပမာဏအား သိရှိနိုင်ရန် သတ်မှတ်ထားသော ရောဝတီဘဏ်ခွဲသို့ လူကိုယ်တိုင်လာရောက်၍ ဆွေးနွေးတိုင်ပင်နိုင်ပြီး ဘဏ်မှ လိုအပ်သော စာရွက်စာတမ်းများ ၊ ဝန်ဆောင်ခများ၊ စည်းကမ်းသက်မှတ်ချက်များနှင့် အတိုးတွက်နည်းများကို ရှင်းပြမည်ဖြစ်သည်။ ဘဏ်မှတောင်းခံထားသော စာရွက်စာတမ်းများပြည့်စုံစွာ တင်ပြပါက In-principle Letter (ယေဘုယျချေးငွေခွင့်ပြုချက်ပမာဏ)ကို ထုတ်ပေးမည်ဖြစ်ပြီး လူကြီးမင်းမှ ထိုစာရွက်ဖြင့် ရောဝတီဘဏ်နှင့် ချိတ်ဆက်ထားသော Dealer များတွင် မိမိကြိုက်နှစ်သက်သော ကားအမျိုးအစားများကို ရွေးချယ်ဝယ်ယူနိုင်ပါသည်။

(သို့ မဟုတ်)

ရောဝတီဘဏ်နှင့် ချိတ်ဆက်ထားသော Dealerများသို့ သွားရောက်၍ လူကြိုက်မင်း စိတ်ကြိုက်ကားအမျိုးအစားကို ရွေးချယ်၍ လိုအပ်သော စာရွက်စာတမ်းများနှင့် တကွ လျှောက်ထားနိုင်ပါသည်။

(၂) Auto Loan လျှောက်လွှာကို ဖြည့်ပြီး လိုအပ်သော စာရွက်စာတမ်းများနှင့် တကွ ရောဝတီဘဏ်နှင့် ချိတ်ဆက်ထားသော DeaLer များတွင်လျှောက်ထားနိုင်ပါသည်။

**၆။ AYA Bank ၏ Dealer မဟုတ်ဘဲ အခြားသောနေရာမှဝယ်ယူပါက AYA Auto Loan ဖြင့်ဝယ်ယူနိုင်ပါသလား။**

မရနိုင်ပါ။

**၇။ AYA Auto Loan ကို မည်သူများလျှောက်ထားနိုင်သနည်း။**

အသက် ၂၁ နှင့် ၅၅ နှစ်ကြားရှိ ပုံမှန်ဝင်ငွေရှိသူ မြန်မာနိုင်ငံသားတိုင်း လျှောက်ထားနိုင်ပါသည်။ အကယ်၍ လျှောက်ထားသူသည် အသက် ၅၅ နှစ်ကျော်ရှိပြီး လစာဝင်ငွေမလုံလောက်ပါက မိသားစုဝင် တစ်ဦးနှင့်အတူ ပူးတွဲလျှောက်ထားနိုင်ပါသည်။

**၈။ AYA Auto Loan လျှောက်ထားပါက မည်သည့်စာရွက်စာတမ်းများ လိုအပ်သနည်း။**

**ကိုယ်ရေးကိုယ်တာ အချက်အလက်များ**

(၁)မှတ်ပုံတင် (မိတ္တူ )

(၂)အိမ်ထောင်စု စာရင်း (မိတ္တူ)

(၃) ရပ်ကွက်ထောက်ခံစာ၊ (မူရင်း)

(၄)လိုင်စင်ဓာတ်ပုံ (၁ ပုံ)

(၅)အရောင်းအဝယ် စာချုပ်

(၆)ထောက်ခံသူ၏ မှတ်ပုံတင် (မိတ္တူ)

(၇)ထောက်ခံသူ၏ ဝင်ငွေအထောက်အထား (လစာဝင်ငွေ ဖြတ်ပိုင်း )

(၈) ကားရောင်းချသူ Dealer မှ Invoice (မော်တော်ယာဉ် အချက်အလက်အပြည့်အစုံ ပူးတွဲဖော်ပြထားရမည်။)

**လစာဝင်ငွေအထောက်အထားများ**

လခစားဝန်ထမ်းဖြစ်ပါက

(၁)ဝန်ထမ်းဖြစ်ကြောင်းထောက်ခံစာ

(၂)လစာဝင်ငွေဖြတ်ပိုင်း ( အနည်းဆုံး ၃ လစာ)

(၃) Professional License (ဥပမာ - ဆရာဝန် ၊ သင်္ဘောသား ဖြစ်ပါက )

(၄)ဘဏ်စာရင်းရှင်းတမ်း (အနည်းဆုံး ၃လစာ)

ကိုယ်ပိုင်လုပ်ငန်းဖြစ်ပါက

(၁)လုပ်ငန်းလိုင်စင် (သို့ ) ကုမ္ပဏီလိုင်စင်

(၂) Form 6,Form 26 & Form E

(၃)သင်းဖွဲ့ စည်းမျဉ်း၊ သင်းဖွဲ့ မှတ်တမ်း

(၄) အရှုံးအမြတ် စာရင်း

(၅) အမြတ်ခွန်ပြေစာ (၃ နှစ်စာ)

**၉။ AYA Auto Loan လျှောက်ထားပါက မည်မျှကြာမည်နည်း။**

စာရွက်စာတမ်းအပြည့်အစုံဖြင့် လာရောက်လျှောက်ထားပါက ချေးငွေခွင့်ပြုချက် ရလဒ်အား ၅ရက်မှ ၇ရက်အတွင်း (ဘဏ်ဖွင့်ရက် )ရနိုင်ပါသည်။ ကားလက်ဝယ်ရရှိမှုသည် Dealer အပေါ်တွင် မူတည်ပါသည်။

**၁၀။ AYA Auto Loan လျှောက်ထားမှု ခွင့်ပြုချက်ရရှိရန် မည်သည့်အချက်များ အဓိက ပါဝင်နေသနည်း။**

AYA Auto Loan လျှောက်ထားမှု ခွင့်ပြုချက်ရရှိရန်

- စာရွက်စာတမ်းမှန်ကန်မှု
- လျှောက်ထားသူ၏ ပုံမှန်လစာဝင်ငွေနှင့်
- လျှောက်ထားသူ၏ အလုပ်အကိုင် တို့လိုအပ်ပါသည်။

**၁၁။ AYA Bank နှင့်ချိတ်ဆက်ထားသော Dealerr များထံမှ ဝယ်ယူပါက မည်သည့် အကျိုးခံစားခွင့် များရရှိနိုင်သနည်း။**

မြန်မာတစ်နိုင်ငံလုံးရှိ ရောဝတီဘဏ်နှင့် ချိတ်ဆက်ထားသော Dealer များတွင် ဝယ်ယူပါက

- ဝင်ငွေအထောက်အထားပေါ် မူတည်၍ ကနဦးပေးသွင်းငွေ အနည်းဆုံး (၃၀%)သာ ပေးသွင်းနိုင်ခြင်း
- ချေးငွေသက်တမ်းအများဆုံး (၅)နှစ်အထိရရှိနိုင်ခြင်း
- လစဉ်အရစ်ကျပေးသွင်းနိုင်ခြင်းနှင့်
- လျှင်မြန်သော ဝန်ဆောင်မှု တို့ဖြင့် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ၀၁-၂၃၁ ၇၇၇၇ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## Auto Loan Application

**၁၂။ AYA Auto Loan ကို မည်သို့ လျှောက်ထားရမည်နည်း။**

(၁) လူကြီးမင်းအနေဖြင့် ရောဝတီဘဏ်သို့ ဖုန်းဖြင့် ဖြစ်စေ၊ လူကိုယ်တိုင်လာရောက်၍ ဖြစ်စေ စုံစမ်းရပါမည်။ ဘဏ်မှ လိုအပ်သော စာရွက်စာတမ်း ၊ ဝန်ဆောင်ခများ၊ စည်းကမ်းသက်မှတ်ချက်များနှင့် အတိုးတွက်နည်းများကို ရှင်းပြပြီး မိမိချေးယူနိုင်သော ငွေပမာဏအား သိရှိနိုင်ရန် လိုအပ်သော စာရွက်စာတမ်းများဖြင့် "In-Principle Loan Approval" ကိုလျှောက်ထားရပါမည်။ ထို့နောက် ရောဝတီဘဏ်ဖြင့် ချိတ်ဆက်ထားသော Dealer တွင် ၎င်း "In-Principle Loan Approval" ဖြင့် မိမိကြိုက်နှစ်သက်သော ကားအား မိမိချေးယူနိုင်သော ငွေပမာဏ အတွင်း ဝယ်ယူနိုင်ပါသည်။

(သို့မဟုတ်)

ရောဝတီဘဏ်နှင့် ချိတ်ဆက်ထားသော Delar သို့သွားရောက်၍ လူကြီးမင်း စိတ်ကြိုက်ကားအမျိုးအစားကို ရွေးချယ်၍ လိုအပ်သော စာရွက်စာတမ်းများနှင့် တကွ လျှောက်ထားနိုင်ပါသည်။

(၂) Auto Loan လျှောက်လွှာကို ဖြည့်ပြီး လိုအပ်သော စာရွက်စာတမ်းများနှင့် တကွ ရောဝတီဘဏ်ခွဲ (သို့မဟုတ်) Dealer တွင်လျှောက်ထားနိုင်ပါသည်။

**၁၃။** In-principle Loan Approval Letter ဆိုသည်မှာ အဘယ်နည်း။

In-principle Loan Approval Letter ဆိုသည်မှာ လူကြီးမင်းတင်ပြလာသည့် စာရွက်စာတမ်းများအရ တောင်းခံလာသောချေးငွေကို စစ်ဆေးပြီးနောက် ဘဏ်မှ ခွင့်ပြုပေးသော ယေဘုယျချေးငွေခွင့်ပြုချက်ပမာဏကို ရည်ညွှန်းပါသည်။ ၎င်းနောက် ထိုစာရွက်ကို ယူဆောင်ပြီး ရောဝတီဘဏ်နှင့် ချိတ်ဆက်ထားသော မည်သည့် Authorized Brand New Car Dealer များတွင်မဆို ကြိုက်နှစ်သက်ရာကားကို ရွေးချယ်၍

S & P သဘောတူညီမှုလက်မှတ်ကို ရယူပြီး သတ်မှတ်ထားသော ရောဝတီဘဏ်ခွဲများတွင် Automobile Hire Purchase Loan ကို လျှောက်ထားနိုင်ပါသည်။

**၁၄။ Auto Loan အား မည်ကဲ့သို့ လျှောက်ထားရမည်နည်း။ လျှောက်ထားရာတွင် လိုအပ်သော စာရွက်စာတမ်းများကို ဖော်ပြပါ။**

**STEP-1**

ရောဝတီဘဏ်၏ သတ်မှတ်ထားသောဘဏ်ခွဲများတွင် လူကြီးမင်း၏ ယေဘုယျချေးငွေခွင့်ပြုချက်ပမာဏ (In–Principle Loan Approval Letter "IP Letter") ကို သိရှိနိုင်ရန် အောက်ဖော်ပြပါ လိုအပ်သော စာရွက်စာတမ်းများဖြင့် လျှောက်ထားနိုင်ပါပြီ။

1. Basic Personal Documents (ပုဂ္ဂိုလ်ရေးဆိုင်ရာ အခြေခံစာရွက်စာတမ်းများ)
2. Income Documents (ဝင်ငွေအထောက်အထားဆိုင်ရာ စာရွက်စာတမ်းများ

**STEP-2**

ယေဘုယျချေးငွေခွင့်ပြုချက်ပမာဏစာရွက်နှင့် ဘဏ်ဖြင့် ချိတ်ဆက်ထားသော ကားအရောင်းဆိုင်စာရင်းကို ရယူလိုက်ပါ။

ယေဘုယျချေးငွေခွင့်ပြုချက်ပမာဏသည် လူကြီးမင်း၏ ဝင်ငွေနှင့် ချေးငွေပြန်လည်ပေးဆပ်နိုင်စွမ်းပေါ်တွင် အဓိကမူတည်ပါတယ်။ ထို့အပြင် လူကြီးမင်း၏ အသက်၊ ဘဏ္ဍာရေး နှင့် လုပ်ငန်းအခြေအနေတို့အားလည်း ထည့်သွင်းစဉ်းစားပါတယ်။

**STEP-3**

ယေဘုယျချေးငွေခွင့်ပြုချက်ပမာဏနှင့် ကိုက်ညီသော ကားအသစ်အား ဘဏ်နှင့်ချိတ်ဆက်ထားသော ကားအရောင်းဆိုင်တွင် ရှာဖွေနိုင်ပါပြီ။ ထို့နောက်အရောင်းအဝယ်စာချုပ်ချုပ်ဆိုခြင်းနှင့် ကားနှင့်ပတ်သက်သောစာရွက်စာတမ်းများအား ပြင်ဆင်လိုက်ပါ။ ယေဘုယျချေးငွေခွင့်ပြုချက်ပမာဏ စာရွက် (မူရင်း)နှင့် စာရွက်စာတမ်းအပြည့်အစုံကို တင်သွင်းပါ။

- Basic Personal Documents (ပုဂ္ဂိုလ်ရေးဆိုင်ရာ အခြေခံစာရွက်စာတမ်းများ)
- Income Documents (ဝင်ငွေအထောက်အထားဆိုင်ရာ စာရွက်စာတမ်းများ)
- Car Related Documents (ကားနှင့်ပတ်သက်သော စာရွက်စာတမ်းများ)

STEP-4

ဘဏ်မှ အတည်ပြုချေးငွေခွင့်ပြုချက်အား ရယူပြီး သက်ဆိုင်ရာ အခကြေးငွေများအား ပေးချေပြီးနောက် အောင်မြင်စွာမှတ်ပုံတင်ထားသော မော်တော်ကားကို လက်ခံနိုင်ပါပြီ။

<u>Basic Personal Documents (ပုဂ္ဂိုလ်ရေးဆိုင်ရာ အခြေခံစာရွက်စာတမ်းများ) ဆိုသည်မှာ</u>

- NRC (နိုင်ငံသားမှတ်ပုံတင်)
- Household List (အိမ်ထောင်စုစာရင်း)
- Original Testimonial Letter from Ward Administration Office (ရပ်ကွက်ထောက်ခံစာမူရင်း)

<u>Income Documents (ဝင်ငွေအထောက်အထားဆိုင်ရာ စာရွက်စာတမ်းများ) ဆိုသည်မှာ</u>

<u>Salary Employed (လခစားဝန်ထမ်းဖြစ်လျှင်)</u>

- Salary Slip (minimum 3 months) (လစာပြေစာ အနည်းဆုံး ၃ လစာ)
- Employment Confirmation Letter (ဝန်ထမ်းဖြစ်ကြောင်းထောက်ခံစာ)
- Bank Statement (minimum 3 months) (ဘဏ်စာရင်းရှင်းတမ်း - အနည်းဆုံး ၃ လစာ)
- Professional License (such as Doctor License, Seaman’s CDC)

<u>Self –Employed (ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူဖြစ်လျှင်)</u>

- Business or Company Registration Documents  (ကုမ္ပဏီ/လုပ်ငန်း နှင့်ပတ်သက်သော မှတ်ပုံတင်စာရွက်စာတမ်းများ)
- Income/ Financial Statement (Operating Account) (အရှုံးအမြတ်စာရင်း)
- Tax Receipts (အမြတ်ခွန်ပြေစာများ)

<u>Car Related Documents (ကားနှင့်ပတ်သက်သော စာရွက်စာတမ်းများ) ဆိုသည်မှာ</u>

- In-Principle Loan Approval Letter (ယေဘုယျချေးငွေခွင့်ပြုချက်ပမာဏ)
- Sales and Purchase Agreement (အရောင်းအဝယ်စာချုပ်)
- Bill of Lading and Import Declaration (if applicable) (သွင်းကုန်ကြေငြာချက်)
- Owner Book and Premium Book (if applicable)
- Wheel Tax (if applicable)
- Car Photos (ကားဓာတ်ပုံများ)

၁၅။ "In-Principle Loan Approval Letter" ဖြင့် မည်သည့်ကားမဆိုဝယ်ယူလို့ ရပါသလား။

"In-Principle Loan Approval Letter" တွင် သတ်မှတ်ထားသော ချေးငွေခွင့်ပြုချက်ပမာဏအတွင်း ရောဝတီဘဏ်နှင့် ချိတ်ဆက်ထားသော Brand New Car Authorized Dealer များတွင်ဝယ်ယူနိုင်ပါသည်။

၁၆။ In-principle loan approval letter အား မည်သည့် ရောဝတီဘဏ်ခွဲများတွင် လျှောက်ထားနိုင်သနည်း။

သတ်မှတ်ထားသော ရောဝတီဘဏ်ခွဲများတွင် လျှောက်ထားနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက www.ayabank.com/autoloan တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**၁၇။ AYA Auto Loan လျှောက်ထားပါက Application Fee ရှိပါသလား။**

AYA Auto Loan လျှောက်ထားပါက Application Fee မရှိပါ ။

**၁၈။ မည်သည့်အကြောင်းကြောင့် AYA Auto Loan လျှောက်ထားမှု မအောင်မြင်ရသနည်း။**

- လျှောက်လွှာ ပြီးပြည့်စုံမှုမရှိခြင်း။
- ကိုယ်ရေးအချက်အလက် မှားယွင်းခြင်း။
- စာရွက်စာတမ်းမပြည့်စုံခြင်း။
- လျှောက်ထားမှုတွင် လစာဝင်ငွေမလုံလောက်ခြင်း။

**၁၉။ AYA Auto Loan လျှောက်ထားမှု အဖြေကို မည်သို့ သိရှိရမည်နည်း။**

ရုံးဖွင့်ချိန်အတွင်း မိမိလျှောက်ထားခဲ့သည့် ရောဝတီဘဏ်ခွဲ (သို့မဟုတ်) Customer Service Hotline no. (၀၁-၂၃၁ ၇၇၇၇) သို့ ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**၂၀။ AYA Auto Loan လျှောက်ထားပါက ထောက်ခံသူ လိုအပ်ပါသလား။**

ထောက်ခံသူ အနည်းဆုံး တစ်ဦးလိုအပ်ပါသည်။

## ၂၁။AYA Bank မှ ချေးငွေရယူနိုင်သော ကာလ မည်မျှ သတ်မှတ်ထားသနည်း။

| ကားအမျိုးအစား | ကနဦးပေးသွင်းငွေ | ချေးငွေသက်တမ်း | အတိုးနှုန်း |
|---|---|---|---|
| New | As low as 30% | Up to 5 years | As low as 8.5% p.a. |
| Used | As low as 30% | Up to 2 years | As low as 8.5% p.a. |

Flat Method

## Fees & Charges

## ၂၂။လစဉ်အရစ်ကျပေးသွင်းငွေအား မည်သို့ ပြန်လည်ပေးဆပ်ရမည်နည်း။

အောက်ပါနည်းလမ်းများဖြင့် ငွေပြန်လည်ပေးဆပ် နိုင်ပါသည်။

- နီးစပ်ရာ ရောဝတီဘဏ်ခွဲ
- AYA ATM (with AYA MPU Card only)
- AYA mBanking
- AYA iBanking

## ၂၃။ AYA Auto Loan ဖြင့် ကားဝယ်ယူပါက တစ်နှစ်လျှင် အတိုးနှုန်းမည်မျှကောက်ခံသနည်း။ အခြားပေးသွင်းရမည့် ဝန်ဆောင်ခ များရှိပါသလား။

Amortization နှင့် flat method နှစ်မျိုးရှိပါသည်။ အသေးစိတ်သိရှိလိုပါက www.ayabank.com/autoloan သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## ၂၄။ လစဉ်လတိုင်းမည်သည့် နေ့ ရက်တွင်ပေးဆောင်ရမည်နည်း။

ရောဝတီဘဏ်မှ Payment Order ချပြီး (၁)လ ပြည့်သည့်နေ့ တွင် ပေးသွင်းရပါမည်။ ပေးသွင်းရမည့် နေ့ ရက်အတိအကျအား ရောဝတီဘဏ်မှ အကြောင်းကြားပေးပါမည်။

**၂၅။ သတ်မှတ်ထားသည့် ကာလထက်စော၍ ကျန်ရှိနေသေးသော ချေးငွေပမာဏအား အကျေပေးဆပ်ပါက ဝန်ဆောင်ခ ကောက်ခံပါသလား။**

ပြန်လည်ပေးဆပ်ရမည့် ကာလသည် ၆လ နှင့် အထက်ကျန်ရှိနေပါက ပေးဆပ်ရန်ကျန်ရှိနေသေးသော ငွေပမာဏပေါ်တွင် ၄% ကောက်ခံပါမည်။

**၂၆။လစဉ်နောက်ဆုံးပေးဆပ်ရမည့်ရက်တွင် မပေးဆောင်ပါက နောက်ကျကြေး (သို့) ဒဏ်ကြေးပေးဆောင်ရပါသလား။**

နောက်ဆုံးပေးဆပ်ရမည့်ရက်ကျော်သွားပါက လစဉ်ပေးသွင်းရမည့်ပမာဏပေါ်တွင် တစ်လလျှင် ၃% ပေးဆောင်ရပါမည်။

**၂၇။ ကျွန်ုပ်၏ကားသည် မတော်တဆ ထိခိုက်မှုဖြစ်ပွားပြီး အာမခံ ကုမ္ပဏီမှ Total Loss (အလုံးစုံပျက်စီးမှု) အဖြစ်သတ်မှတ်ပါက ဘဏ်သို့ လက်ကျန်ပေးသွင်ရမည့် ပမာဏအား ဘဏ်သို့ ဆက်လက် ပေးသွင်းရန်လိုအပ်ပါသလား။**

ပျက်စီးဆုံးရှုံးမှုသည် သင် အာမခံကုမ္ပဏီတွင် ထားရှိသော ငွေပမာဏ လုံလောက်ပါက အာမခံကုမ္ပဏီမှ သင့်ကိုယ်စား ဘဏ်သို့ ပေးဆပ်ပေးပါမည်။ ဘဏ်သို့ လက်ကျန်ပေးသွင်ရမည့် ပမာဏအား ဘဏ်သို့ ဆက်လက် ပေးသွင်းရန်လိုအပ်ပါသည်။

## Ownership

**၂၈။ အငှားဝယ်ယူသူမှ မည်သည့်အချိန်တွင် ယာဉ်ပိုင်ဆိုင်မှုစာအုပ်ကို ရရှိမည်နည်း။**

ရောဝတီဘဏ်သို့ ပေးရန်ကျန်ရှိသော ငွေပမာဏ အားလုံးပေးဆပ်ပြီးချိန်တွင် ယာဉ်ပိုင်ဆိုင်မှုစာအုပ်ကိုရရှိပါမည်။

**၂၉။ Customer အနေဖြင့် AYA Auto Loan ဖြင့် ဝယ်ယူပါက မည်သည့် အချိန်တွင် ပိုင်ဆိုင်မှု စာရွက်စာတမ်းများအား ရရှိမည်နည်း။**

Customer အနေဖြင့် ဘဏ်သို့ အပြည့်အဝပေးချေပြီးလျှင် ဘဏ်မှ ကားပိုင်ဆိုင်မှု စာရွက်စာတမ်း အပြည့်အစုံအား ကားဝယ်ယူသည့် customer ထံသို့ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ပါသည်။

**၃၀။ အကယ်၍ AYA Auto Loan ဖြင့် ဝယ်ယူထားသည့် Customer ကွယ်လွန်သွားခဲ့လျှင် ဝယ်ယူထားသည့်ကားကို မည်သူက ပိုင်ဆိုင်သနည်း။**

AYA Auto Loan ဖြင့် ဝယ်ယူထားသည့် Customer ကွယ်လွန်သွား သည့် အချိန်တွင် ငွေပေးချေမှု အပြည့် အဝ ပေးချေပြီးပါက ဝယ်ယူထားသည့် Customer ၏ မိသားစုဝင်များသာ ပိုင်ဆိုင်ပါသည်။ ဆက်လက်ပေးသွင်းရန် ကျန်ရှိနေပါက သေဆုံးသူ customer ၏ မိသားစုဝင် တစ်ဦးဦးမှ ဘဏ်သို့ ဆက်သွယ် အကြောင်းကြားရပါမည်။

**၃၁။ AYA Auto Loan ဖြင့် ကားဝယ်ယူပါက ရန်ကုန် လိုင်စင် နံပါတ် ရရှိနိုင်ပါသလား။**

မိမိဝယ်ယူလိုသည့် ကားအမျိုးအစားနှင့် ဝယ်ယူမည့် dealer တွင် အသေးစိတ် စုံစမ်းမေးမြန်းရန်လိုအပ်ပါသည်။